Forum of Burmese in Europe

BE - CZ - DK - FI - FR - DE - NL - NO - PL - SE - UK

# (၁၅) ကြိမ်မြောက် ဥရောပရောက် မြန်မာ့အရေး ဆွေးနွေးပွဲ

# (Gävle, Sweden)

ရက်စွဲ။ ။ 31th Jul / 1st Aug 2010

<u>ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း။</u>

၁။ နအဖစစ်အစိုးရ၏ ၂၀၀၈ခုနှစ်တွင် တရားမဝင် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ ကျင်းပပြုလုပ်မည့် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲအား နည်းမျိုးစုံဖြင့် ဆက်လက်ဆန့်ကျင်လုပ်ဆောင်သွားရန် ဆုံးဖြတ်သည်။

၂။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များ၊ နိုင်ငံတကာဥပဒေများနှင့် ဆန့်ကျင်နေသည့်အချက်များကို အခြေခံ၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပျက်ပြယ်ကြောင်း **(Null & Void)** ကြေညာနိုင်ရေးအတွက်–

(က) ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတွင် **lobby** လုပ်ငန်းများ

(ခ) နိုင်ငံတကာ လှုပ်ရှားမှုများ

(ဂ) လူထုပညာပေးရေး လုပ်ငန်းများကို နိုင်ငံတကာရှိ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်သွားရန် ဆုံးဖြတ်သည်။

၃။ နအဖစစ်အာဏာရှင် အစိုးရအား လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မူတည်၍ ပေါ်ပေါက်လာမည့် အစိုးရသစ်အားလည်းကောင်း ယှဉ်ပြိုင်စိန်ခေါ်နိုင်သော အစိုးရအဂ္ဂါရပ်များနှင့် ပြည့်စုံသည့် ယှဉ်ပြိုင်အစိုးရတစ်ရပ် ပေါ်ထွန်းလာရေးအတွက် သဘောတူကြောင်းနှင့် ပြည်ပရောက်မြန်မာပြည်သားများနှင့် ဒီမိုကရေစီအင်အားစုများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ဆုံးဖြတ်သည်။

၄။ စစ်အာဏာရှင်များအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး **(International Criminal Court)** တွင် တရားစွဲဆိုနိုင်ရေးကိစ္စကို သဘောတူထောက်ခံ၍ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား လိုအပ်သည့် ကူညီ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ **(UNSC)**မှ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ပြစ်မှုများကို စုံစမ်းစစ်ဆေးရေးကော်မရှင် စေလွှတ်နိုင်ရေး အတွက် ဥရောပရောက် မြန်မာ့အရေးဆွေးနွေးပွဲ **(FBE)** မှ လုပ်ဆောင်ရန် ဆုံးဖြတ်သည်။

၅။ မြန်မာနိုင်ငံအတွင်း၌ နအဖစစ်ဗိုလ်ချုပ်များ၏ **Crime Against Humanity** ပြစ်မှုကြီးများ ကျူးလွန်ပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့် ရနေမှုများ အဆုံးသတ်စေရေး နိုင်ငံတကာလှုပ်ရှားမှု **(Ending Impunity Burma Campaign)**ကို ဆက်လက်ဖေါ်ဆောင်သွားရန် ဆုံးဖြတ်သည်။

၆။ စစ်အာဏာရှင်စနစ် တိုက်ဖျက်နိုင်ရေးနှင့် ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးကို အခြေခံ၍ ပြည်တွင်း၊ နယ်စပ်နှင့် နိုင်ငံတကာမှ အင်းအားစုများ ကိုယ်စားပြု ပါဝင်ခွင့်ရစေမည့် ကွန်ဂရက်တစ်ရပ် ပေါ်ပေါက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

၇။ ဒီမိုကရေစီ ကျင့်စဉ်အား ဆန့်ကျင်သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြေခံ၍ ကျင်းပမည့် အတုအယောင် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ခြင်း မပြုရန် ဆုံးဖြတ်ချက်ချခဲ့သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ဝန်းရံပံ့ပိုးကြရန် ဆုံးဖြတ်သည်။

၈။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များအား ပိုမိုထိရောက်စွာ အကောင်အထည်ဖေါ်ဆောင်ရွက်သွားရန် အလေးအနက်တိုက်တွန်းကြောင်း ဆုံးဖြတ်သည်။

၉။ (၁၅) ကြိမ်မြောက် ဥရောပရောက် မြန်မာ့အရေးဆွေးနွေးပွဲ **(FBE)** သို့ ပေးပို့လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဟံသာဝတီ ဦးဝင်းတင်၏ သဝဏ်လွှာကို မှတ်တမ်းတင်ကြောင်းနှင့် ညီလာခံ၏ လမ်းညွှန်အဖြစ် ခံယူကြောင်းဆုံးဖြတ်သည်။

၁၀။ ရှေ့လာမည့် (၁၆)ကြိမ်မြောက် ဥရောပရောက် မြန်မာ့အရေးဆွေးနွေးပွဲကို နော်ဝေနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၂။ (၁၅) ကြိမ်မြောက် ဥရောပရောက်မြန်မာ့အရေး ဆွေးနွေးပွဲမှ ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်များကို ဖေါ်ဆောင်နိုင်ရန် အောက်ပါ အလုပ်အဖွဲ့ကို ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။

<u>အလုပ်အဖွဲ့</u>

၁။ နိုင်ထောဦး (ဒိန်းမတ်)
၂။ မခင်မိုးမိုး (ဒိန်းမတ်)
၃။ ဒေါက်တာ ဝင်းနိုင် + ဒေါက်တာ ဒေါ်ခင်ဝင်းနွယ် (ယူကေ)
၄။ ကိုမင်းဟိန်း (ယူကေ)
၅။ ကိုထွေး (ပြင်သစ်)
၆။ ကိုထင်ကျော် (ပြင်သစ်)
၇။ ဦးကျော်သွင် (နော်ဝေ)
၈။ ကိုသက်ထွန်းဦး (နော်ဝေ)
၉။ Jonathan Thang (နော်ဝေ)
၁၀။ ဦးသောင်းထွေး (နယ်သာလန်)
၁၁။ ကိုနိုင်ဝင်း (နယ်သာလန်)
၁၂။ ဦးနွယ်အောင် (ဂျာမဏီ)
၁၃။ ကိုဆန်နီ အောင်သန်းဦး (ဂျာမဏီ)
၁၄။ ကိုဒွေးဇေယျာ (ဆွီဒင်)
၁၅။ မအနူး (ဆွီဒင်)
၁၆။ ဒေါက်တာ သန်းထိုက် (ပိုလန်)
၁၇။ နော်အယ်မ **KSC** (ဆွီဒင်)

၁၃။ အလုပ်အဖွဲ့မှ ဘဏ္ဍာရေးဆိုင်ရာကိစ္စကို ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၄။ ဆုံးဖြတ်ချက်အမှတ် (၄) (၅)နှင့် (၆)တို့ကို အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖေါ်ပြပါ ပုဂ္ဂိုလ်များဖြင့် **FBE** မစ်ရှင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

(၁) ဦးအောင်ထူး
(၂) ဒေါက်တာဝင်းနိုင်
(၃) ဦးနွယ်အောင်
(၄) ဦးကျော်သွင်

မှတ်တမ်းတင်ခြင်း။

၁။ (၁၅) ကြိမ်မြောက် **FBE** ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သော ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသားများ လူ့အခွင့်အရေးအသင်း **(SBHRA)** အပါအဝင် ဧည့်ခံဖျော်ဖြေ ကျွေးမွေးရေး၌ ကူညီဆောင်ရွက် ပေးခဲ့ကြသူများ အားလုံးတို့ကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

၂။ ဦးကျော်သွင် လုပ်ကိုင်ဆောင်ရွက်နေသော ငါးကုမ္ပဏီမှ အမြတ်ငွေ (၁၀)ရာခိုင်နှုန်းကို **FBE** မစ်ရှင်အဖွဲ့အား လှူဒါန်းခြင်းအား မှတ်တမ်းတင်သည်။

***The Forum of Burmese in Europe (F B E) represents a network of Burmese communities across Europe and is advocating for democracy, social justice and human rights in Burma. The FBE strongly rejects the military dictatorial rule in Burma and has been working closely together with the democratic forces around the world.***